ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ခုနှစ် **တလိုင်းကွင်းကျေးရွာအုပ်စု၊ ပန်းရံစုကျေးရွာ**

မာတိကာ

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)

၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၂။အစည်းအဝေးမှတ်တမ်းများ

၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁။မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ရောဝတီတိုင်းဒေသကြီး
ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
ရခိုင် ပြည် နယ်
ပြန် အောင် မြို့ နယ်
ဧရာဝတီ မြစ်
ရေလမ်းကွန်း
ဦးတင်ကြီ
ဦးစိုးတင်
ကြံခင်းသစ်တောကြီးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကျောက်နီချောင်း
ပတော်ချောင်း
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြီးဝိုင်း
မျှင်ပါးတောင်သစ်တောကြီးဝိုင်း
ပတော်သစ်တော
ကြီးဝိုင်း
ရေနံတောင်သစ်တော
ကြီးဝိုင်း
ရွှေသမင်သစ်တော
ကြီးဝိုင်း
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

၂။ကျေးရွာမြေပုံ(တည်နေရာ)



ပန်းရံစုကျေးရွာပြမြေပုံ

၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း

တလိုင်းကွင်းကျေးရွာအုပ်စုတွင်

၁။တလိုင်းကွင်းကျေးရွာ

၂။ဇရပ်ကုန်းကျေးရွာ

၃။ကျွန်းစုကျေးရွာ

၄။မြောက်အင်တိုင်းကျေးရွာ

၅။ပန်းရံစုကျေးရွာ

၆။ပေါက်တောကြီးကျေးရွာ

၇။အင်းတဲစုကျေးရွာ

၈။သပြေပင်ဇင်းကျေးရွာ

၉။အောင်မြင်ကိုင်းကျေးရွာ

၁၀။မန်ကျည်းပင်ကွင်းဒေါင့်ကျေးရွာ

တို့ပါဝင်ပါသည်။

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ပန်းရံစုကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ တလိုင်းကွင်းကျေးရွာ အုပ်စုအတွင်းတွင် တည်ရှိပါသည်။ အိမ်ခြေ (၁၇၀)ရှိပြီး၊ အမျိုးသား(၃၀၅)ဦး၊ အမျိုးသမီး (၃၅၀)ဦး တို့ နေထိုင်ကြပါသည်။

ပန်းရံစုကျေးရွာသည် ကြံခင်း-ဘက်ရဲ လမ်းမကြီး၏ ဘေးတွင်တည်ရှိသည်။ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာဖြစ်ပြီး၊ ကြံခင်းမြို့နှင့် (၃)ဖာလုံခန့်သာ ကွာဝေးသော ကျေးရွာဖြစ်သည်။

ကျေးရွာ အခြေခံ အဆောက်အဦး အနေဖြင့် ဘုန်းတော်ကြီးကျောင်း၊ မူလတန်းကျောင်း ၊စေတီတို့ ရှိပါသည်။ အများစုမှာ ပန်းရံလုပ်ငန်းဖြင့် အသက်မွေးကြပါသည်။

ရွာသူရွာသား အားလုံးမှာ ဗမာလူမျိုးများ ဖြစ်ကြပြီး ၊ ဗုဒ္ဓဘာသာ ကို ကိုးကွယ်ကြပါသည်။ သဘာဝ ဘေးအွန္တရာယ် ကျရောက်မှု ကင်းသော ကျေးရွာဖြစ်ပါသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				ကျား	မ	ပေါင်း	
၁	လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map)	၂.၁၀.၁၇	ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ	၅	၅	၁၀	- ဒေသတွင်း သဘာဝအရင်းမြစ်များ -လူမှုအဆောက်အဦးများ -ဘာသာရေးအဆောက်အဦးများ -လမ်းပန်းဆက်သွယ်ရေးများ
၂	ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender)	၂.၁၀.၁၇	ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ	၆	၅	၁၁	- ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ
၃	ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking)	၂.၁၀.၁၇	ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ	၆	၄	၁၀	-ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး -အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး -ကျေးရွာ၏ လူမှု စီးပွားရေး
၄	အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram)	၂.၁၀.၁၇	ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ	၅	၅	၁၀	-ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။
၅	ပင့်ကူအိမ်ကွန်ယက် (cobweb)	၂.၁၀.၁၇	ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများ	၆	၅	၁၁	-နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး -အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။
၆	အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွမ်းမိုးမှုနှင့် ဆုံဖြတ်နိုင်မှု (Asset Mapping)	၂.၁၀.၁၇	ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ	၅	၆	၁၁	-အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။
၇	အခက်အခဲပြဿနာ (Problem)	၂.၁၀.၁၇	ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ	၉	၆	၁၅	-ဒေသဖွံ့ဖြိုးရေးအတွက် အနောင့်အယှက် အတားအဆီး၊ အခက်အခဲများ။ -လိုအပ်ချက်များ။
၈	ကျေးရွာမျှော်မှန်းချက်များ (Village Vision)	၂.၁၀.၁၇	ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ	၉	၆	၁၅	-ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။
၉	ကျေးရွာဦးစားပေး လုပ်ငန်းများ	၂.၁၀.၁၇	ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး	၉	၆	၁၅	-အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့် - လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က)လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ



လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ

<u>လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)</u>

- ပန်းရံစုကျေးရွာသည် လယ်ယာ လုပ်ငန်းကိုအများဆုံးလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။
- အိမ်ခြေ (၁၇၀)အိမ်ရှိပြီး၊ အများစုမှာ နွမ်းပါးသူများ ဖြစ်ကြသည်ကို တွေ့ရသည်။
- ကျေးရွာတွင် ကိုယ်ပိုင် မူလတန်းကျောင်း၊ဘုန်းကြီးကျောင်း၊ စေတီများရှိသည်ကိုတွေရသည်။ ကြံခင်းမြို့နှင့် (၃)ဖာလုံ ကွာဝေးသောကြောင့် ပညာရေးလက်လှမ်းမှီမှု ရှိသည်ကို တွေ့ရှိရသည်။
- ကျေးရွာမှာ ကြံခင်း-ဘက်ရဲ လမ်းဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုရှိသည်ကို တွေ့ရသည်။
- ကျေးရွာတွင် ကိုယ်ပိုင် ကျေးလက်ဆေးပေးခန်း မရှိသော်လည်း ကြံခင်းမြို့နှင့် အလှမ်းမဝေးသော ကြောင့် ကြံခင်းမြို့သို့ သွားရောက်၍ ဆေးကုသမှု ခံယူကြသည်ကို တွေ့ရသည်။
- လူထုဗဟိုပြုစီမံကိန်း၏ ပံ့ပိုးမှုဖြင့် ကွန်ကရစ်ဓာတ်တိုင်လဲလှယ်ခြင်းကို လုပ်ငန်းကို အကောင်အထည် ဖော်ခဲ့သောကြောင့် ဓာတ်တိုင်များမှာ ကြံ့ခိုင်မှုရှိကြောင်း တွေ့ရသည်။
- စိုက်ပျိုးမြေ အရင်းအမြစ် နည်းပါးသောကြောင့် လက်လုပ်လက်စား များပြားသည်ကို တွေ့ရသည်။ ကျေးရွာလူထုအားလုံးမှာ ဗုဒ္ဓဘာသာ ၊ ဗမာလူမျိုးများ ဖြစ်ကြသည်။
- ကျေးရွာ၏ အနောက်ဘက်တွင် ဝါးခြံများရှိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ)ရာသီခွင်ပြ ပြကွဒိန်

ရာသီခွင်ပြ ပြကွဒိန်

ရာသီခွင်ပြ ပြက္ခဒိန်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာတွင် လယ်ယာ လုပ်ငန်းများ လုပ်ကိုင်ကြသော အိမ်ခြေများလည်း ရှိပြီး အိမ်ခြေ အများစုမှာ ကျပန်း လုပ်သားများလည်းဖြစ်သည်။ ဝါဆို၊ ဝါခေါင် လများတွင် မိုးသည်းထန်စွာ ရွာသွန်း သည်ကို တွေ့ရသည်။ ကျပန်းလုပ်ငန်းများကို တစ်နှစ်ပတ်လုံး လုပ်ဆောင်ကြပြီး ဝင်ငွေ မှာလည်း တစ်နှစ်လုံး သင့်တင့်ကြောင်း တွေ့ရပါသည်။ လုပ်အားခလည်း အမျိုးသား နှင့်အမျိုးသမီး တန်းတူ ရရှိကြောင်း တွေ့ရှိ ရပါသည်။သို့သော် အမျိုးသမီးအများစုမှာ အိမ်တွင်းမှု လုပ်ငန်းများနှင့် အချိန်ကုန် နေရသောကြောင့် အမျိုးသမီးတို့၏ဝင်ငွေ နည်းပါးသည်ကိုတွေ့ရသည်။

ရာသီအကူးအပြောင်း ကာလများတွင် ဖျားနာလေ့ရှိပြီး နယုန်၊ ဝါဆိုလများတွင် သွေးလွန် တုတ်ကွေး ရောဂါများဖြစ်ပွားမှုရှိသည်ကိုတွေ့ရသည်။ ကျန်လများတွင် အများစုမှာ ကောင်းမွန် ကြသည်။

ပွဲတော်များ အနေဖြင့် သင်္ကြန်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ ဝါဆိုသင်္ကန်းကပ်ပွဲတော်၊ မီးထွန်းပွဲတော်၊ ကထိန်ပွဲတော်၊ ထမနဲပွဲတော်နှင့် အလှူပွဲများ ကျင်းပလေ့ရှိပါသည်။

တစ်နှစ်ပတ်လုံး ဝင်ငွေသင့်တင့်သောကြောင့် အစားအစာလည်း ကောင်းမွန်ကြောင်း တွေ့ရှိရသည်။

သဘာဝဘေးအန္တရာယ် ကင်းရှင်းသော ကျေးရွာဖြစ်သည်ကို တွေ့ရပါသည်။တပေါင်း၊တန်ခူး လများတွင် အလုပ်အားလပ်ကြ၍ ဝင်ငွေမှာလည်း အနည်းငယ် နည်းပါးသည်ကို သုံးသပ်တွေ့ရှိရပါ သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဂ)ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း



ဥစ္စာ ဓနအဆင့် သတ်မှတ်ခြင်း

ဥစ္စာမန အဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာတွင် အိမ်ခြေ(၁၇၀)အိမ်ခြေရှိသည့်အနက် ချမ်းသာသောအိမ်ခြေ(၁၀)အိမ်၊အသင့်အတင့်အိမ်ခြေ(၂၀) အိမ်ခြေ၊ မပြေလည်သောအိမ်ခြေ(၁၃၀)အိမ်ခြေနှင့် နွမ်းပါးသော အိမ်ခြေ(၁၀)အိမ်ခြေ ရှိပါသည်။

နွမ်းပါးသောအိမ်ထောင်စုများမှာ ကျပန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ပါးအိမ်၊ သက်ကယ်မိုး၊ ကြက်၊ ၀က်၊ စက်ဘီး တို့ကိုသာပိုင်ဆိုင်ကြပြီး ကလေးများအား မူလတန်းအောင်သည်ထိသာ ထား နိုင်သည်ကိုတွေ့ရပါသည်။

ချမ်းသာသောအိမ်မှာ (၁၀)အိမ်သာ တွေ့ရပြီး လယ်(၁၀)ဧက ၊ဆန်စက် ၊အဲကွန်း၊ လှည်း၊နွား၊သုံးဘီးဆိုင်ကယ်တို့ကို ပိုင်ဆိုင်ကြပြီး ကလေးများအား ပညာရေးဆုံးခန်းတိုင်အောင် ထားနိုင်သည်ကို တွေ့ရသည်။အများစုမှာ မပြေလည် သောအိမ်များဖြစ်သည်ကို တွေ့ရသည်။

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရာတွင် နွမ်းပါးသော အုပ်စုများ၏ အခက်အခဲများ၊ လိုအပ်ချက်များနှင့် အားလပ်ချိန်ကို အလေးထား၍ ဆောင်ရွက်ခဲ့ပါသည်။

ဥစ္စာမနစံသတ်မှတ်ချက်အား ရေးဆွဲခြင်းဖြင့် မိမိတို့ကျေးရွာ၏ စီးပွားရေးအခြေအနေအား သုံးသပ်နိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ)ပင့်ကူအိမ်သုံးသပ်ခြင်း



ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)

အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှု တို့တွင် အားသာမှုရှိကြောင်း တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးပိုင်းနှင့် လုံခြုံမှုယုံကြည်မှုတို့တွင် အမျိုးသားများက သာလွန်ပြီး အမျိုးသမီးများ ပါဝင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ပညာရေးလက်လှမ်းမှီမှုနှင့် အလုပ်ကိုင်ရှာဖွေမှုတို့တွင် အမျိုးသား၊အမျိုးသမီးကွာခြားချက်မှာ အနည်းငယ်သာရှိကြောင်းတွေ့ရသည်။

အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု လုပ်ငန်းများဖြင့်သာ အချိန်ကုန်မခံပဲ အခြားကဏ္ဍများ တွင်လည်း ပါဝင်နိုင်စေရန် ကြိုးပမ်းသင့်ကြောင်း သုံးသပ်မိပါသည်။

အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှု နည်းပါးခြင်း၊ အမျိုးသမီးများ အနေဖြင့် အခြားဝင်ငွေ ရရှိနိုင်ရန်အတွက် အိမ်တွင်းမှု အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ မရှိခြင်း။ ကျေးရွာတွင် အမျိုးသမီး များသီးသန့် အသိအညာပေး ဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသောအလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်း၊ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက်လာနိုင်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(c)အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု





အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ

အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)

ပန်းရံစုကျေးရွာရှိ အမျိုးသမီးတို့သည် ဆိုင်ကယ်၊TV၊လယ်၊အိမ်စသော အရင်းအမြစ်တို့အား အမျိုးသားများနှင့် တန်းတူ အသုံးပြုကြ ကြောင်းတွေ့ရှိရသည်။ အပ်ချုပ်စက် ကိုသာ အမျိုးသမီးများ အသုံးပြုကြသည် ကိုသာ တွေ့ရှိရသည်။ လယ်ထွန်စက်၊ ထွန်၊ထယ်၊လှည်း ၊နွား များကိုသာ အမျိုးသားများ သီးသန့်အသုံးပြုကြသည်။

TV၊ဆိုင်ကယ်၊အိမ် စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြပြီး ထိန်းချုပ်၊ဆုံးဖြတ်ချက်ချရာတွင်လည်း အတူတကွထိန်းချုပ်ခွင့်ရသည်ကို တွေ့ရသည်။ သို့သော် အမျိုးသားများ သီးသန့်အသုံးပြုသော လယ်ထွန်စက်၊နွားလှည်းစသော အရင်းအမြစ်များနှင့် နှစ်ဦးစလုံးအသုံးပြုသော လယ်တို့ကိုမူ အမျိုးသာများကသာ ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက် ချခြင်းများ ကို ပြုလုပ်နေကြသည်။

ပန်းရံစုကျေးရွာရှိ အမျိုးသမီးများသည် မိမိတို့အသုံးပြုသော တန်ဖိုးကြီးသော အရင်းအမြစ် အားလုံးအား အမျိုးသားများနှင့်တန်းတူ ထိန်းချုပ်၊ဆုံးဖြတ်ခွင့် မရရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့် ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရရှိလိမ့်မည်ဟုသုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) အဖွဲ့အစည်းချိတ်ဆက်ပြပုံ

အဖွဲ့အစည်းချိတ်ဆက်ပြပုံ

အဖွဲ့အစည်းချိတ်ဆက်ပြုပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်း ကော်မတီအဖွဲ့၊ အမျိုးသား၊ အမျိုးသမီးလူငယ်အဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးရေးကို အဓိကဦးဆောင် လျက်ရှိသည်။

ဂေါပကအဖွဲ့၊ပရိတ်သင်းအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့၊ကျေးရွာမီးသတ်၊တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး ကိစ္စများကို လုပ်ဆောင်ရွက်လျက်ရှိသည်။

ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့သည် အုပ်စု၊မြို့နယ်အုပ်ချုပ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

လူထုဗဟိုပြုစီမံကိန်းကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်လည်းကောင်း၊ ကျေးရွာမီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်နှင့်လည်းကောင်း အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြသည်ကို တွေ့ရသည်။

အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်ကြသည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ)ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ



အခက်အခဲပြဿနာများ

အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)

အမျိုးသားများ၊ အမျိုးသမီးအုပ်စုများမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကဖြစ်သော အခက်အခဲပြဿနာများကို တင်ပြရာ အလုပ်အကိုင်ရှားပါးခြင်း၊ ကျောင်းခြံစည်းရိုးလုံခြုံမှု မရှိခြင်း၊ သောက်သုံးရေကန်လိုအပ်ခြင်းခြင်းဖြစ်သည်ကို တွေ့ရပါသည်။

အမျိုးသားအုပ်စုများ၏ အခက်အခဲများမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း ကျန်းမာရေး စောင့်ရှောက်မှု အားနည်းခြင်း၊ စာပေဗဟု သုတနည်းပါးခြင်း တို့ဖြစ်သည်ကို တွေ့ရသည်။

အမျိုးသမီးများမှ တင်ပြသော အခက်အခဲပြဿနာများမှာ အလုပ်အကိုင် ရှားပါးခြင်း၊ ပညာတတ်နည်းပါးခြင်း၊ စိုက်ပျိုးရေး နည်းပညာ လိုအပ်ခြင်း စသောအခက်အခဲ တို့ကို တင်ပြ ဆွေးနွေး ထားသည်။

ဖော်ပြပါသော အခက်အခဲပြဿနာများမှာကျေးရွာဖွံ့ဖြိုးရေးကို အဓိက ဟန့်တားနှောင့်ယှက်နေသော အခက်အခဲပြဿနာများ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(၇)ကျေးရွာ၏ မျှော်မှန်းချက်များ



မျှော်မှန်းချက်များ ပြပုံ

ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

အမျိုးသားအုပ်စုများမှ တင်ပြသော မျှော်မှန်းချက်များမှာ အ.မ.က ကျောင်းခြံစည်းရိုး လုံခြုံမှုရှိစေရန်၊ စိုက်ပျိုးရေးသင်တန်းနှင့် မျိုးကောင်းမျိုးသန့်များ ထောက်ပံ့မှုရရှိစေရန်၊ ရွာလမ်းများကောင်းမွန်ရန်၊ လယ်သမားများ စက်မှုလယ်ယာနှင့် ဇကာကွက်များ ဖြစ်စေရန်၊လယ်ထွန်စက် ၊ ရိတ်သိမ်းစက်များအား ဈေးနှုန်းချိုသာစွာ ရရှိရန်တို့ကို ဆွေးနွေးသုံးသပ်ထားသည်။

အမျိုးသမီး အုပ်စုများမှတင်ပြထားသော မျှော်မှန်းချက်များမှာ အမျိုးသမီးများအား စက်ချုပ်သင်တန်းများ ပေးရန်၊ ဘုရားကြီးလမ်းအတွင်း ရေကန်ပြုလုပ်နိုင်ရန်၊ အလှပြင်သင်တန်းများ ပေးရန်၊ လက်မှုသင်တန်းကျောင်းများ ပေါ်ပေါက်လာစေရန်၊ စက်ရုံ အလုပ်ရုံများပေါ်ပေါက်လာစေရန်၊ မိုးဥတုတွင် စိုက်ပျိုးမြေများ ရေမနစ်မြုပ်စေရန်တို့ကို မျှော်မှန်းပါသည်။

အထက်ပါမျှော်မှန်းချက်များမှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော မျှော်မှန်းချက်များ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စျ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ



အဆိုပြုလာသော ဖွံ့ဖြိုးရေးလုပ်ငန်းများ

ပန်းရံစုကျေးရွာ ၂.၁၀.၂၀၁၇

လုပ်ငန်း	[redacted]	အဆိုပြုသူ
၁. ကျောက်ချောလမ်း (၆၆.၇၀၀)		ကျား+မ
၂. အကြာဦးတိုက်		ကျား+မ
၃. ကျောင်းခြံစည်းရိုး		ကျား+မ
၄. ရေကန် ဂါလံ - ၅၀၀၀		ကျား+မ
၅. ခိုက်ဖျိုးရေးသင်တန်း		မ
၆. မီးသတ်ကား		ကျား
၇. အယ်ဗျက်ဝက်သင်တန်း		မ
၈. အလှပြင်သင်တန်း		မ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

အမျိုးသား၊အမျိုးသမီးတို့၏ တူညီသော ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ကျောက်ချောလမ်း၊ စာကြည့်တိုက်၊ ကျောင်းခြံစည်းရိုး၊ ရေကန်(ဂါလံ ၅၀၀၀)၊ တို့ကို အကောင်အထည်ဖော်ရန် ဆွေးနွေးထားသည်ကိုတွေ့ရသည်။

အမျိုးသားများမှ မီးသတ်ကား ရရှိရန်ဆွေးနွေးထားသည်ကို တွေ့ရသည်။

အမျိုးသမီးများမှ စိုက်ပျိုးရေးသင်တန်း၊ အလှပြင်သင်တန်း၊ အပ်ချုပ်စက်သင်တန်းများ ရရှိရန်တို့ကို ဆွေးနွေးထားပါသည်။

အထက်ဖော်ပြပါ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ကျေးရွာ၏ အမှန်တကယ်လိုအပ်သော လုပ်ငန်းများဖြစ်သည်ဟု သုံးသပ်မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း



ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းခါတ်ပုံများ

ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းခါတ်ပုံများ

ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်ဝန်း ။ ဘရိုင်းကွင်း--- ကျေးရွာ ။ ပန်းရံရ---

စတင်ဖွဲ့စည်းသည့်ရက်စွဲ ။

စဉ်	အဖွဲ့	ရာထူး	အမည်	ဖုန်းနံပါတ်	မှတ်ချက်
၁	ကျေးရွာစီ/ထောက်	ဥက္ကဋ္ဌ	ဦးထွန်း၁ဦး		
၂		ဥက္ကဋ္ဌ	ဒေါ်မြ၁ဦး		
၃	ဝယ်ယူရေးဆပ်ကော်မတီ	ခေါင်းဆောင်	ဒေါ်မေ၁က	၀၅-7967484720	
၄		အဖွဲ့ဝင်	ဦးမောင်ကြီ	၀၅-9660132412	
၅		အဖွဲ့ဝင်	ဒေါ်မာဂျန်	၀၅-4596593214	
၆	စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ	ခေါင်းဆောင်	ဦးခင်မောင်ဌေး	၀၅-7947778915	
၇		အဖွဲ့ဝင်	ဒေါ်မြင့်၁မေ		
၈		အဖွဲ့ဝင်	ဒေါ်ရေ:ကြည်		
၉	လည်ပတ်ရေး နှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ	ခေါင်းဆောင်	ဦး:သန်:ဦ:		
၁၀		အဖွဲ့ဝင်	ဒေါ်ဉမ္မာမျိုး	၀၅-2528931912	
၁၁		အဖွဲ့ဝင်	ဒေါ်သီတာရွှေ	၀၅-9717953669	
၁၂	ကျေးရွာငွေစာရင်းကိုင်	စာရင်းကိုင်	ဒေါ်ရှေ့ခင်ဟိ	၀၅-2511149990	
၁၃	အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ	အဖွဲ့ဝင်	ဦးလှိုင်ဝင်း	၀၅-2611126691	
၁၄		အဖွဲ့ဝင်	ဒေါ်ဉမ္မာ	၀၅-9716823444	
၁၅	စေတနာ့ဝန်ထမ်း	အဖွဲ့ဝင်	ဦးကြည်ဝင်း	၀၅-2505748149	
၁၆		အဖွဲ့ဝင်	ဒေါ်သီတာမြင့်	၀၅-4507662147	

တာဝန်ကျဝန်ထမ်းများ

- လူထုစည်းရုံးရေးမှူး - ဒေါ်ကြည်ကလင်
- လက်ထောက်နည်းပညာမှူး - ဒေါ်ခင်ဒွင်:ဆွေ

ပုံစံ - ၉ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်- ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ဖေါ်၊ သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာပေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးတိုင်းမတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးလှိုင်ဝင်း	ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ်	လူထုစည်းရုံးရေးမှူး၏ အမည် မေကြည်ဦးဆလင်း
မြေညီစနစ်တိုင်းဒေသကြီး ဧရာတီ မြို့နယ် ကျွဲခင်း	ကျေးရွာအုပ်စု တလိုင်းကွင်း	ကျေးရွာ ပဂုံစု

ကား လူဦးရေ

လူမျိုးစု	အိမ်ထောင်စုအရေအတွက်	ကိုးကွယ်သည့်ဘာသာ	အိမ်ထောင်စုအရေအတွက်
လူမျိုးစု (၁) ---ဗမာ---	၁၇၀	ဘာသာ (၁) ---ဗုဒ္ဓ---	၁၇၀
လူမျိုးစု (၂) ----------		ဘာသာ (၂) ----------	
လူမျိုးစု (၃) ----------		ဘာသာ (၃) ----------	
လူမျိုးစုရော ----------		ဘာသာရော ----------	
	အရေအတွက်		
မသန်စွမ်းသူများ	၆၇		
သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်)	ကျား-၅ ၊ မ - ၁၇		
စစ်ဘေးရှောင်			

	အမျိုးသား (အရေအတွက်)	အမျိုးသမီး (အရေအတွက်)
လူဦးရေ	၃၀၅	၃၅၀
လူမျိုးစု (၁)----------		
လူမျိုးစု (၂)----------		
လူမျိုးစု (၃)----------		
အိမ်ထောင်ဦးစီး	၁၃၃	၃၇

(၁) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

စာသင်ကျောင်း	အမှတ်ခြစ်ပါ	ကျန်းမာရေး	အမှတ်ခြစ်ပါ	ဘာသာရေး အဆောက်အအုံများ	အမှတ်ခြစ်ပါ
အထက်တန်းကျောင်း	☐	ဆေးရုံ	☐	စေတီ	☑
အလယ်တန်းကျောင်း	☐	ကျန်းမာရေးဌာန	☐	ဘုန်းကြီးကျောင်း	☑
မူလတန်းကျောင်း	☑	ကျန်းမာရေးဌာနခွဲ	☐	ဟိန္ဒူဘုရားကျောင်း	☐
မူကြိုကျောင်း	☐	ဆေးပေးစန်း	☐	ခရစ်ယာန်ကျောင်း	☐

	☐		အခြား	☐		ဝလီ	☐
						အခြား	☐
မှတ်ချက်			မှတ်ချက်			မှတ်ချက်	

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

(၁) တာသင်ကျောင်း			(၂) ကျန်းမာရေး			(၃) လက်မှုပညာရှင်		
	ရွာတွင်နေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ
မူလတန်းပြဆရာ/မ	☑	☐	ဆရာဝန်	☑	☐	လက်သမား	☑	☐
အထက်တန်းပြဆရာ/မ	☐	☐	လက်ထောက်ကျန်းမာရေးမှူး	☐	☐	ပန်းရံ	☑	☐
အလယ်တန်းပြဆရာ/မ	☐	☐	အမျိုးသမီးကျန်းမာရေးဆရာမ	☐	☐	လျှပ်စစ်ကျွမ်းကျင်၊ မီးသမား	☑	☐
မူကြိုဆရာ/မ	☑	☐	သားဖွားဆရာမ	☐	☐	ရေပိုက်သွယ်သူ	☐	☐
အခြား	☐	☐	ပြည်သူ့ကျန်းမာရေးလုပ်သား	☐	☐	စက်ပြင်ဆရာ	☐	☐
မှတ်ချက်			မှတ်ချက်			မှတ်ချက်		

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း (ကွန်ကရစ်လမ်း) မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား _____

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဝတ္ထုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် ၂၀၁၆/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဝတ္ထုမှ ၎င်းကျေးရွာအုပ်စု၏ဝတ္ထုအထိ ခရီးဝိုင်းမည်မျှကွာဝေးသနည်း? ဝိုင်း ၂ဖာလုံ/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဝတ္ထုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၃၀ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/မြင်းလျှင်/လား/မော်တော်ဘုတ်/ အခြား ----------

မိုးရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/မြင်းလျှင်/လား/မော်တော်ဘုတ်/ အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖေါ်ပြပါ ----------

...ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

...ဝေဖိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မီးလင်းရေးရေကမ္ပည်

(၂) .....

ကျေးရွာခေါင်းဆောင် — အမည် ဦးလှိုင်ဝင်း

လက်မှတ် ..... နေ့စွဲ ၅.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် အေးကြည်ဇာလင်း

လက်မှတ် ..... နေ့စွဲ ၂.၁၀.၁၇

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

ယခင်ညွှန်ကြားချက်၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ပြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည်	ဖေါ်ကြာညဉ် ဆာလင်း ၊ ဖေါ်ခင်ဒွင်းဆွေ		
နေ့စွဲ	၂ . ၁၀ . ၂၀၁၇	စက်ဝန်းအားအမှတ်ခြစ်ပါ	□ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄)
ခြည်နယ်/တိုင်း ရေကဝတီ	မြို့နယ် ကြဲခင်း	ကျေးရွာအုပ်စု တလိုင်းကွင်း	ကျေးရွာ ပန်းရံ

စီမံကိန်းဆောင်ရွက်မှုအဆင့်များ	နေ့စွဲ		အစည်းအဝေးတွင်တက်ရောက်သူအရေအတွက်			
	စတင်သည့်နေ့	ပြီးဆုံးသည့်နေ့	အမျိုးသား အရေအတွက်	အမျိုးသမီး အရေအတွက်	အိမ်ထောင်စု အရေအတွက်	လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည်
၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး	၂ . ၁၀ . ၂၀၁၇	၂ . ၁၀ . ၂၀၁၇				-
၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး	၂ . ၁၀ . ၂၀၁၇	၂ . ၁၀ . ၂၀၁၇				-
၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး						-
၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး			မလို	မလို	မလို	မလို
၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး						-
၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး						
၇။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ခင် ရေးဆွဲခြင်း						-

လုပ်ငန်းခွင်ဆေးရုံ၊ အုန်းကုန်းမြို့ - (၄) - ၃၅၀ ရှိတဲ့ ကုန်ကျစရိတ်ဇယား

ကုန်ကျစရိတ် အမျိုးအစား							
၁. ပုဂ္ဂိုလ်ရေးဆိုင်ရာ ကုန်ကျစရိတ်-							
၁.၁ ဆရာဝန်များ ကုမ္ပဏီတာဝန်ခံ							
၁.၂ ကြီးကြပ်ရေးမှူး ဦးမောင်ဇော							
၁.၃ ကျန်းမာရေးဝန်ထမ်း ၄							
၂. ပြုပြင်ထိန်းသိမ်းရေး ကုန်ကျစရိတ်-							
၂.၁ ပန်းခြံ ပြုပြင်ထိန်းသိမ်းခြင်း							
၂.၂ ရေကန်ကြီး ရေသန့်စင်ခြင်း							
၂.၃ ဆေးရုံတည်ဆောက်ခြင်း							
၂.၄ ပြင်ပကုန်ကြမ်းပစ္စည်းများ							
၂.၅ ဆေးရုံ ရေနွေးငွေ့							
၂.၆ ဆေးရုံ ဓာတ်ငွေ့							
၂.၇ ဆေးရုံ ရေ							
၂.၈ ဆေးရုံ ဓာတ်ပုံ							
၂.၉ ဆေးရုံ ကားဟောင်း							
၂.၁၀ ဆေးရုံ ကားသစ်							
၂.၁၁ ဆေးရုံ ဆေးခန်းခေါ်ယာဉ်							
၂.၁၂ ဆေးရုံ ဆေးခန်းခေါ်ယာဉ်							
၂.၁၃ ဆေးရုံ ဆေးခန်းခေါ်ယာဉ်							
၂.၁၄ ဆေးရုံ ဆေးခန်းခေါ်ယာဉ်							
၂.၁၅ ဆေးရုံ ဆေးခန်းခေါ်ယာဉ်							
၂.၁၆ ဆေးရုံ ဆေးခန်းခေါ်ယာဉ်							
၂.၁၇ ဆေးရုံ ဆေးခန်းခေါ်ယာဉ်							
၂.၁၈ ဆေးရုံ ဆေးခန်းခေါ်ယာဉ်							
၂.၁၉ ဆေးရုံ ဆေးခန်းခေါ်ယာဉ်							
၂.၂၀ ဆေးရုံ ဆေးခန်းခေါ်ယာဉ်							

၂၀၂၁-၂၀၂၂ ခုနှစ် ပြီးရေး ဦးစီးအားပေးခြင်း (Form FC 3)

လယ်ယာမြေရှာဖွေရေးနှင့် ကျေးရွာမျိုးရိုးအရည်အသွေး ပြီးဆုံးသောအခါ ကျေးရွာဦးမင်းကပ်နှင့် အသေးစားတောင်သူ ကောင်းမင်းသည် လုပ်ထုတည်းဖြတ်ရေးမှုအကုန်အကျခံပြီး ဤပုံစံကိုပြည့်စုံစေကာ ပြည့်မှီသွင်းရမည်။

လုပ်ထုတည်းဖြတ်ရေးမှူး/ဝန်ထမ်း အမည်	ဒေါက်ကျည်ကလေး		
ရက်စွဲ	၂ . ၁၀ . ၂၀၁၇	တော်လန်းအား အမှတ်ပြုပါသည် (✓) ☐ တော်လန်း(၁) ☐ တော်လန်း(၂) ☐ တော်လန်း(၃)	
ပြည်နယ်/တိုင်း ရေဝတီ	ခြံနယ် ကြာင်း	ကျေးရွာအုပ်စု တောလိုင်းကွင်း	ကျေးရွာ မန်းရံ၀

က၊ အခက်အခဲအတားအဆီးများအား ဖေါ်ပြခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာနှင့် ပြီးတိုင်းတာခံရမှုအပေါ်တွင် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်မျိုးဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီ ဖေါ်ပြပါ)

အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ		အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ	
၁	လမ်းပန်းဆက်သွယ်ရေး မကောင်းလေ အက်ခဲခြင်း။	၁	အာသင်ကျောင်းခြံစည်းရိုး လုံခြုံမှု မလုံခြင်း
၂	အလုပ်အကိုင် ကျားပါးခြင်း	၂	ကျေးရွာကတွက် ရောက်နိုး လိုအပ်ခြင်း
၃	ကျေးရွာကတွက် ဈေးဆိုင်ရောက်နိုး လိုအပ်ခြင်း	၃	အလုပ်အကိုင် ကျားပါးခြင်း
၄	ကျန်းမာရေး ဆောင်ကြောက်မှု၊ ကားနည်းခြင်း	၄	ရိုက်ဖျိုးရေး နည်းပညာများ လိုအပ်ခြင်း
၅	အပေ ဗဟုသုတ နည်းပါးခြင်း	၅	
၆	အာသင်ကျောင်းခြံစည်းရိုး လုံခြုံမှု မလုံခြင်း	၆	
၇		၇	

ခ၊ မျှော်မှန်းခြင်း - နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာမှ ပြီးခဲ့ရေး မျှော်မှန်းလျှောထားရတဲ့များအား တင်ပြပါ။

အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ		အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ	
၁	မ.မ.က ကျောင်းခြံစည်းရိုး လုံခြုံ ဆောက်ခြင်း	၁	အမျိုးသမီး များအား ခရီးရှည်ပါသင်တန်းများ ပေးရန်
၂	ရိုက်ဖျိုးရေးသင်တန်းများနှင့် မျိုးစေတီ မျိုးသန့် ရှာဖွေရန်။	၂	ဂုဏ်ရည်လိုလားလေးစားတွင်းရောက်ခြင်းလုပ်ငန်းရှိ
၃	ဂွာလမ်းများ ဆောင်းမှုံရှိရန်။	၃	အလှပြင်သင်တန်းများ ပေးရန်။
၄	လယ်သမား များ ခက်မှု လယ်ယာနှင့် စေတ ကွက်များ- ပြစ်ခြောရန်	၄	လက်မှုသင်တန်းကျောင်းများ ပေါ်ပေါက်လာစေရန်။
၅	လယ်ထွန်ဆော်၊ ဂိုတိုသိမ်းခက်များ ဈေးနှုန်း သက်သာစွာ ရှာဖွေရန်။	၅	ဆက်ဂို၊ အလုပ်ဂို များ ပေါ်ပေါက်လာစေရန်။
၆		၆	မိုးစုတွင် ဓာတုဆိုးဖြေများ ဈေးမနှုန်းရန်။
၇		၇	

လူထုစီမံကိန်း ဦးစီးကိန်း၊ ဦးစီးကိန်းလက်ငင်း အကျဉ်း - (၃)

၈၊ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျိုးသင့်သော ဦးတားဝေး မွဲပြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးတားဝေး မွဲပြိုးတိုးတက်မှု လုပ်ငန်းစဉ်များ	အကူပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး)	ဝန်ဖွဲ့နှုန်းကုန်ကျစရိတ်	အကျိုးခံစားခွင့်ရှိသူ ဝန်.မှန်းခြေ အရေအတွက်
၁	ကျောက်ချောလမ်း ပေ - ၅၀၀	အမျိုးသား+အမျိုးသမီး	၄၀ သိန်း	၆၅၅
၂	အကြည်တိုက် ၁၅'x၂၅'x၁၀'	အမျိုးသား+အမျိုးသမီး	၃၅ သိန်း	၆၅၅
၃	ကျောင်းခြံစည်းရိုး	အမျိုးသား+အမျိုးသမီး	၃၀ သိန်း	၆၅၅
၄	ရေကန် . ဂါလံ - ၅၀၀၀	အမျိုးသား+အမျိုးသမီး	၃၀ သိန်း	၆၅၅
၅				
၆				
၇				
၈				

၁၀၊ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျိုးမဝင်သော ဦးတားဝေး မွဲပြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးတားဝေး မွဲပြိုးတိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး)	အခန်းကဏ္ဍ
၁	စိုက်ပျိုးရေးသင်တန်း	အမျိုးသမီး	
၂	မီးသတ်ကား	အမျိုးသား	
၃	အရေးပေါ်အကူသင်တန်း	အမျိုးသမီး	
၄	အလှပြင်သင်တန်း	အမျိုးသမီး	
၅			

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးထွန်းထွန်းမြင့် လက်မှတ် ---------- နေ့စွဲ ၂၀.၁.၂၀၁၇

ပုံစံ - ၀ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲခွဲချယ်လှယ်မှု (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲခွဲချယ်လှယ်ဆောင်ရွက်ခြင်း ကျေးရွာအုပ်စုမှ CF/TF၀ဝှီ.၏ အကူအညီရယူ၍ ကျေးရွာစီထောက်ခံကော်မတီမှ လက်မှတ်ရေးထိုးပြီး အရင်းမဲပါဝင်သော မြေယာမဲဆောင်မြေယာသွင်းရာပြည်၊ ဘဏ်မဲဆော မြေယာဝိုင်းခွဲခြင်းသွင်းပြီးပါက ကျေးရွာအုပ်စုနဲ့ ပြီးဝိုးတောက်ခရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် ဆောက်ဆက်တွဲအပြစ် ထားရှိရပြည်၊ CF မှ ကျေးရွာဘဏ्ဍာရေးစီ၏ စီမံကိန်းလုပ်ငန်းခွဲဝိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရပြည်၊ (သနေ့စီစီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ ပယ်ဖျက်ပါ။

ကျေးရွာဦးပိုင်ခရေးမှူး/ပန်ထမ်းအမည်	ဒေါ်ခင်ဦးသွေ ၊ ဒေါ်ကြည်ညွှန့်ဆလင်	
ရေနွေ ၃ . ၁ ၊ . ၁ ၅		စက်ပန်းအားအမှတ်ပြစ်ပေးပါး(V) □စက်ပန်း(၀) □စက်ပန်း(၂) □အစ်ကပ်ပန်း(၃) □စက်ပန်း(၄)
ပြည်နယ်/တိုင်း ကျာ၀တီ	မြို့နယ် ကြဲခင်	ကျေးရွာအုပ်စု ဝါလင်ကျေ

ကျေးရွာအမည်	ဆောင်ရွက်မည့် လုပ်ငန်းများ	အဝိုင်းအထား	ရန်ပုံငွေ ဝိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ	အရင်းပြုထင်ပြုသူ	ရန်ပုံငွေကုန်ကျစရိတ်				
					စီမံကိန်းမှ ထည့်ဝင်မှု	ကျေးရွာမှ ထည့်ဝင်မှု	အကြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ခွင့် | အမည်/အခွဲ		စုစုပေါင်း
ဂေ၂ပါကုန်	စာသင်ခန်း	၂၃'×၁၅'× ၈'.၆"	၂၀၅	□ ကျား □ မ ☒ ကျား+ မ	၇၂.၅ သိန်း				၇၂.၅ သိန်း
မကျည်းပင်ကြီးရေကြီ	ဘဏ်ရံပုံသုံး ဝန်းမ	၃၀'×၂၀'× ၁၀'	၈၅	□ ကျား □ မ ☒ ကျား+ မ	၇၀ သိန်း				၇၀ သိန်း
ဒဏ်ကြီးတံတား	ဘဏ်ရံပုံသုံး ဝန်းမ	၃၀'×၂၀'× ၁၀'	၈၆	□ ကျား □ မ ☒ ကျား+ မ	၇၈.၅ သိန်း				၇ဝ.၅ သိန်း
				□ ကျား □ မ □ ကျား+ မ					
				□ ကျား □ မ □ ကျား+ မ					

ရာထူး ကျေးရွာအုပ်စု စီ/စီထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးကြည်ရီ ၂၀၂၃ ခု၊ ၁ လ ၈ ရက်

ဖေါ်ပြင့်ဦး ၂၀၂၃ ခု၊ ၁ လ ၈ ရက်

<u>အစည်းအဝေးမှတ်တမ်း</u>

ကြံခင်းမြို့နယ်၊ တလိုင်းကွင်းကျေးရွာအုပ်စု၊ပန်းရံစုကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ပန်းရံစုကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂.၁၀.၂၀၁၇)နေ့လည် (၁၂:၀၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အမိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အမိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြုပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြကွဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း။

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည် အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရိုမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ် ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

****

ကဏ္ဍအလိုက်အဓိကအခဲမှတ်တမ်း

ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

PY3

	စဉ်	လုပ်ငန်း	အဆိုပြုသူ	လ/နှစ်	လုပ်ဆောင်မည့်သူ	ပြင်ပမှထောက်ပံ့ပေးသူ
အခြေခံအဆောက်အအုံ	၁.	ကျောက်ချောလမ်း	ကျား/မ	၂၀၁၉	ကျေးရွာလူထု	CDD
	၂.	စာကြည့်တိုက်	ကျား/မ	၂၀၂၀	"	ကျေးလက်ဖွံ့ဖြိုးရေး
	၃	ရေကန် ဂါလံ (၅၀၀၀)	ကျား/မ	၂၀၂၁	"	"
ပညာရေး/ကျန်းမာရေး/ယဉ်ကျေးမှုဆိုင်ရာ	၄	ဆိုက်ဗျိုး၊ရေးသင်တန်း	မ		"	
	၅	ဟပ်ချုပ်ခက်သင်တန်း	မ		"	
	၆	အလှပြင်သင်တန်း	မ		"	
ဝင်ငွေတိုးတက်ရေး						
သဘာဝပတ်ဝန်းကျင်	၇	ကောင်းမြဲစည်းရိုး	ကျား/မ	၂၀၂၁	"	
အခြား	၈	မီးသတိုက	ကျား		"	